# ချေးငွေအရာရှိ/အကြီးတန်းချေးငွေအရာရှိ - Proximity Finance

**Job Type - Full Time** **Location - ကဝ၊ တိုက်ကြီး၊ မှော်ဘီ၊ ကျိုက်ထို၊ သထုံ၊ ပေါင်၊ လယ်ဝေး။**

## လုပ်ငန်းဖော်ပြချက်

ပရော်စီမိတီငွေကြေးဝန်ဆောင်မှုလုပ်ငန်း၏ အထက်ပါဒေသများတွင် တာဝန်ထမ်းဆောင်ရန် ချေးငွေအရာရှိ/အကြီးတန်းချေးငွေအရာရှိ ဝန်ထမ်း (၇) ဦး ခန့်ထားရန်ရှိပါသည်။ ၎င်းဝန်ထမ်းများသည် အထက်ဖော်ပြပါဒေသတွင် ကျေးရွာကော်မတီများနှင့် ပူးပေါင်းကာ တောင်သူများအား ချေးငွေဝန်ဆောင်မှုပေးခြင်းလုပ်ငန်းအား ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## လုပ်ငန်းတာဝန်များ

- မြို့နယ်များအတွင်းရှိ ကျေးရွာများတွင် အပတ်စဉ်လစဉ် ချေးငွေဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရန်။
- ရာသီအလိုက်ငွေထုတ်ချေးခြင်း၊ ပြန်လည်ကောက်ခံခြင်းလုပ်ငန်းများအား ကျေးရွာကော်မတီများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ချေးငွေဝန်ဆောင်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်သောချေးငွေလျှောက်လွှာ၊ စံနှုန်းသတ်မှတ်ချက်၊ နောက်ကျပြစ်ဒဏ်ကြေးပေါ်လစီများအား ကျေးရွာကော်မတီများ၊ ကျေးရွာသူရွာသားများ နားလည်သဘောပေါက်စေရန် သင်တန်းများပေးရန်။
- မြို့နယ်မန်နေဂျာအား အပတ်စဉ်၊ လစဉ်အလိုက် လုပ်ငန်းအခြေအနေများအား သတင်းပို့တင်ပြရန်။
- ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၏ ငွေကြေးအထုတ်အသွင်း ကိစ္စရပ်များ၊ အလွှဲအပြောင်းကိစ္စရပ်များ တာဝန်ယူဆောင်ရွက်ရန်။

## လိုအပ်သော အရည်အချင်းများ

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ
- ကောင်းမွန်သော လူမှုဆက်ဆံရေးရှိသူ
- ဆိုက်ကယ်စီး၍ နယ်ခရီးသွားနိုင်သူ
- ကျေးလက်လူမှုဘဝနှင့် ဓလေ့အားသိရှိနားလည်သူ
- အဖွဲ့အား ဦးဆောင်နိုင်စွမ်းရှိပြီး အများနှင့် လိုက်လျောညီထွေစွာ လုပ်ကိုင်နိုင်သူ
- အကြီးတန်းချေးငွေ အရာရှိအဖြစ် လျှောက်ထားလိုသူသည် လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

## လျှောက်ထားရန်

လျှောက်ထားလိုသောရာထူး၊ ရာထူးလစ်လပ်ခြင်းကို မည်ကဲ့သို့သိရှိသည် စသည်တို့ကိုဖော်ပြလျက် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်တကွ **Phone – 09767683567** ဖြင့် **Viber** မှ ပေးပို့၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ၊ (၂၀) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထား နိုင်ပါသည်။

Proximity Finance Microfinance Co., Ltd.
Myanmar
No. 24, Saya San Road
Tharthana Yeik Thar Ward,
Bahan Township, Yangon
Telephone: +959 964 555 270
Fax: +951 555 270

ပရော်စီမီတီအဖွဲ့သည် ဆုတံဆိပ်များရရှိထားသော မြန်မာနိုင်ငံအခြေစိုက် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း ဖြစ်ပါသည်။ ဈေးနှုန်းချိုသာပြီး ဝင်ငွေတိုးတက်စေမည့် ထုတ်ကုန်ပစ္စည်းများကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ရောင်းချခြင်းဖြင့် ကျေးလက်နေတောင်သူ မိသားစုများ၏ ကိုယ်ထူကိုယ်ထ စီးပွားရေးလုပ်ငန်းရှင် စိတ်ဓာတ်ကို ကူညီမြှင့်တင်ပေး လျက်ရှိသည်။

ပရော်စီမီတီချေးငွေဝန်ဆောင်မှုအဖွဲ့သည် ကျေးလက်မိသားစုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရန် အတိုးနှုန်းသက်သာသော ချေးငွေများပေးနိုင်ရန် ရည်ရွယ်၍ သီးနှံချေးငွေ၊ အသေးစားလုပ်ငန်း ချေးငွေ၊ မွေးမြူရေးချေးငွေနှင့် ရွှေ့ပြောင်းလုပ်သားချေးငွေများကို ထုတ်ချေး ပေးလျက်ရှိပါသည်။

ဤချေးငွေဝန်ဆောင်မှု လေးမျိုးသည် လယ်သမားမိသားစုများနှင့် ကျေးလက်စီးပွားရေး လုပ်ငန်းရှင်များ၏ ဘဏ္ဍာရေးတည်ငြိမ်စေရန်နှင့် အတိုးနှုန်းမြင့်မားသော ကြွေးမြီများကို ဖယ်ရှားကာ ကောင်းမွန်သော ဘဏ္ဍာရေးဆိုင်ရာ အလှည့်အပြောင်းတစ်ခုအဖြစ် စတင်နိုင်ရန် ကူညီပေးပါသည်။

ပရော်စီမီတီချေးငွေဝန်ဆောင်မှုအဖွဲ့သည် လုပ်ငန်းခွင်အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ပေးခြင်း၊ ကလေးငယ်များအား အကာအကွယ်ပေးခြင်း၊ နှောင့်ယှက်ခြင်းကင်းသော လုပ်ငန်းခွင်, ဘဏ္ဍာရေးဆိုင်ရာ သမာသမတ်ရှိမှုနှင့် များစွာသော အခြားအကျိုးခံစားခွင့်ဆိုင်ရာ မူဝါဒများကို ချမှတ်ကျင့်သုံးသော အဖွဲ့အစည်းဖြစ်ပါသည်။

ပရော်စီမီတီချေးငွေဝန်ဆောင်မှုအဖွဲ့သည် လျှောက်ထားသူအားလုံး၏ လူမျိုး၊ လိင်၊ အရောင်အသွေး၊ နိုင်ငံသားဇစ်မြစ်၊ လိင်စိတ်ခံယူမှု၊ အသက်၊ အိမ်ထောင်ရေး အခြေအနေ၊ မသန်စွမ်းမှုတို့နှင့် မသက်ဆိုင်ဘဲ လျှောက်ထားသူအားလုံးကို တန်းတူညီမျှ ထည့်သွင်းစဉ်းစားမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများ လျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။

Proximity Finance Microfinance Co., Ltd.
No. 24, Saya San Road
Tharthana Yeik Thar Ward,
Bahan Township, Yangon
Myanmar
Telephone: +959 964 555 270
Fax: +951 555 270